## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်
## (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် မည်သူမဆို ဝင်ရောက် တင်ဒါတင်သွင်းနိုင်ပါသည်-

| စဉ် | | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁ | က | **Cisco ISR4331-SEC/K9 Router (Turnkey)** | 1 Nos. |
| | ခ | **Linksys E2500 (N600) Dual Band Router** | 15 Nos. |
| | ဂ | **Mikrotik RB2011 UiAS-2HnD-IN Wireless Router** | 2 Nos. |
| ၂ | က | **Cisco 24 Ports Gigabit Managed Switch** | 2 Nos. |
| | ခ | **Dlink 24 Ports Gigabit Switch** | 2 Nos. |
| ၃ | က | **Cat 6 Cable (100m)** | 2 Nos. |
| ၄ | က | **Canon Digital Multifunction Copier** | 2 Nos. |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁)စောင်လျှင် ကျပ်(၂၀၀၀-/)နှုန်းဖြင့် ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် ရယူနိုင်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံရယူရမည့်ရက် - ၂၇ - ၁ - ၂၀၂၀ ရက်နေ့ မှ ၁၀ - ၂ -၂၀၂၀ ရက်နေ့ထိ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ တင်ဒါဖွင့်မည့်ရက်/အချိန် - - - ၂၀၂၀ ရက်နေ့၊ နေ့လည် : နာရီ

၆။ ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၆၃၂၆၊ ၀၆၇-၄၀၆၃၂၇၊ ၀၆၇-၄၀၆၂၈၇

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ဗဟိုစာရင်းအင်းအဖွဲ့

ရုံးအမှတ်(၃၂)၊ နေပြည်တော်

# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့် တင်ဒါအချက်အလက်များ ဖော်ပြခြင်း

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်ပအကူအညီအထောက်အပံ့ဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါသည်–

(က) တင်ဒါတင်သွင်းသော ကုမ္ပဏီအမည် / ဆိုင်အမည် (ကုမ္ပဏီမှတ်ပုံတင် / စည်ပင်လုပ်ငန်းလိုင်စင်မှတ်ပုံတင်)၊ လုပ်ငန်းအတွေ့အကြုံ၊ ဌာနထောက်ခံချက်၊ ကုမ္ပဏီသက်တမ်း၊ ပိုင်ရှင်၊ MD အမည်နှင့် မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် ပြည့်စုံစွာ ဖော်ပြရမည်။

(ခ) တင်ဒါဖွင့်သည့်နေ့ရက်တွင် ပေးသွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification) များကို ဈေးနှုန်းတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ဌာနမှ ကြော်ငြာထားသည့်(Specification)နှင့် တင်သွင်းသည့်ပစ္စည်းသည် ကွဲလွဲမှု မရှိစေရပါ။ အနည်းငယ်ကွဲလွဲမှုရှိပါက တင်ဒါဖွင့်သည့်ရက်တွင် ဌာနသို့ အသိပေးရမည်။ ကွဲလွဲမှုရှိပါက ရွေးချယ်ခံရစေကာမူ ပယ်ဖျက်ခြင်းကို လက်ခံရမည်။

(ဂ) ဈေးနှုန်းတင်သွင်းလွှာ၏ ဈေးနှုန်းတည်မြဲမှုကာလသည် ဈေးနှုန်းတင်သွင်းလွှာ ပိတ်ချိန်မှ (၄၅) ရက် အတွင်း တည်မြဲမှု ရှိစေရမည်။

(ဃ) သတ်မှတ်အရည်အသွေး (Specification) ပြည့်မီပြီး၊ နောက်ဆုံး ပေးသွင်းနိုင်သော အနည်းဆုံးဈေးနှုန်းကို တင်သွင်းရမည်ဖြစ်ပါသည်။

(င) စိစစ်တင်ပြရာတွင် လွယ်ကူအဆင်ပြေရန်အတွက် တင်ဒါပေးသွင်းသောပစ္စည်း တစ်မျိုးချင်းအလိုက် ဈေးနှုန်းတင်သွင်းရန်နှင့် Price ၊ Delivery ၊ Validity ၊

Payment ၊ Brand ၊ Country of Origin ၊ MA Letter တို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

(ဓ) တင်ဒါခေါ်ယူသော ပစ္စည်းများအား အရေအတွက်လျှော့၍ဖြစ်စေ တိုး၍ဖြစ်စေ ဝယ်ယူခြင်းအား လက်ခံရမည်။

(ဆ) တင်ဒါပေးသွင်းရန် စာရင်းသွင်းသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းများကိုသာ ရွေးချယ်ရေးအတွက် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

(ဇ) နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

(ဈ) တင်ဒါပေးသွင်းမှုအား တင်ဒါဖွင့်ချိန် မတိုင်မီပေးသွင်းရပါမည်။

(ည) အိတ်ဖွင့်တင်ဒါတင်သွင်းသူများသည် **အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေအဖြစ်** မိမိတို့လုပ်ငန်းတန်ဖိုး၏ **(၁%)** ပေးသွင်းထားသည့် P.O Cheque အား တစ်ပါတည်းတင်ပြရမည်။

(ဋ) တင်ဒါအောင်မြင်သူများသည် (၇) ရက်အတွင်း တင်ဒါသဘောတူ စာချုပ်ချုပ်ဆိုရပါမည်။ စာချုပ်ချုပ်ဆိုသည့်ရက်မှ (၄၅) ရက် အတွင်း ပစ္စည်းပေးသွင်းနိုင်ရမည်။

(ဌ) ပစ္စည်းတင်သွင်းရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပစ္စည်းရောင်းချသူသည် ပစ္စည်းဝယ်ယူသူ၏ ထောက်ခံချက်ဖြင့် လုပ်ငန်းပြီးမြောက်မှု အာမခံ (Performance Guarantee) အနေဖြင့် စာချုပ်ပါ တန်ဖိုးငွေစုစုပေါင်း၏ **(၁၀%)**ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့်ဘဏ်တစ်ခုခုတွင် လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ ပေးသွင်းရမည်ဖြစ်ပြီး တင်သွင်းသည့် ပစ္စည်းများရောက်ရှိပြီး လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း ပစ္စည်းဝယ်ယူသူမှ သဘောတူလက်ခံပြီးသည့်နေ့ရက်မှ နောက်(၆)လအထိ ဘဏ်တွင် ထားရှိရမည်။

(ဍ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီများသည် ဝယ်ယူမည့် ပစ္စည်းအတွက် ဝင်ငွေခွန် (၂%)၊ တံဆိပ်ခေါင်းခွန် (၁%) နှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) ဖြင့် စုစုပေါင်း (၈%) အား ပေးဆောင်ရမည် ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါကော်မတီ